

## လျော်ကြေးအကြုံးမဝင်သည့်အချက်များ

(၁) ရှိရင်းစွဲကိုယ်အင်္ဂါချို့တဲ့မှုနှင့်ရှိရင်းစွဲရောဂါဘယများကြောင့်ဖြစ်ပွားခြင်း၊

(၂) ရှူးသွပ်ခြင်း၊

(၃) မိမိကိုယ်မိမိသေကြောင်းကြံစည်ခြင်း၊

(၄) တမင်ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကိုထိခိုက်ဒဏ်ရာရရှိစေခြင်း၊

(၅) မီးဖွားခြင်း၊ ကိုယ်ဝန်ပျက်ခြင်း၊

(၆) အန္တရာယ် ဖြစ်စေနိုင်သည့် ဆောင်ရွက်မှုများတွင် ပါဝင်ပတ်သက်ခြင်း၊

(၇) ရာဇဝတ်မှုကျူးလွန်ရန် ရည်ရွယ်ချက်ဖြင့် ဥပဒေချိုးဖောက်ခြင်း၊

(၈) မူးယစ်ဆေးဝါးသုံးစွဲခြင်း၊

(၉) စစ်၊ သပိတ်မှောက်ခြင်း၊ အဓိကရုဏ်းဖြစ်ခြင်း နှင့်ပြည်တွင်းမငြိမ်မသက်
ဖြစ်ခြင်းတို့ ဖြစ်ပါသည်။

Grand Guardian Insurance Public Co., Ltd. အနေနှင့်
အာမခံထားရာတွင်လည်းကောင်း၊ လျော်ကြေးပေးရာတွင်လည်းကောင်း
ရိုးရှင်းလွယ်ကူသည့် အစီအစဉ်များဖြင့် ဆောင်ရွက်ပေးပါမည်။

မိဘပြည်သူများအနေဖြင့် စိတ်ချမ်းမြေ့မှု အပြည့်အဝရရှိသည်အထိ
ဆောင်ရွက်မှုများ ပေးပါမည်။

ခရီးသွားမိဘပြည်သူများ ခရီးစဉ်တစ်လျှောက်လုံး ဘေးဘယာဝေးစွာနှင့်
လိုရာခရီးသို့ အပြီးတိုင် ရောက်ရှိစေရန် ဤကုမ္ပဏီမှ ဆန္ဒပြုပါသည်။

အာမခံလုပ်ငန်း အမျိုးမျိုးနှင့် ပတ်သက်၍ သိရှိလိုသည့်အချက်များရှိပါက
အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။



Please Contact
Grand Guardian Insurance Public Co., Ltd.

HEAD OFFICE
No. (19/20), A,B,C,D, Junction Square Compound, Pyay Road,Kamayut Township, Yangon.

T (+951) 230 5700, 230 5701
F (+951) 230 4368
E info@ggipinsurance.com
www.ggipinsurance.com

BRANCH OFFICE (Madalay)
No. (581), 81st & Corner of 30th Street, Chan Aye Thar Zan Township, Mandalay.

T (+952) 33 441, 60 688
F (+952) 66 963
E info-mdy@ggipinsurance.com
www.ggipinsurance.com

# GRAND GUARDIAN INSURANCE
# ဂရင်းဂါးဒီးယန်းအာမခံ

## အဝေးပြေးအမြန်လမ်းဆိုင်ရာ
## “အထူးခရီးသွားအာမခံ”

(Safely Travelling)



Protect yourself, protect your family


Securing Your Future
လုံခြုံကြွယ်ဝ သင့်အနာဂတ်ဘဝ
Securing Your Future
လုံခြုံကြွယ်ဝ သင့်အနာဂတ်ဘဝ



## ရည်ရွယ်ချက်

မိဘပြည်သူများ ယုံကြည်စိတ်ချ သောက ကင်းဝေးစွာ လိုရာခရီး သွားနိုင်ဖို့ အဝေးပြေး အမြန်လမ်းဆိုင်ရာ အထူးခရီးသွားအာမခံကို ဆောင်ရွက်ရန် စီစဉ်ထားရှိပါသည်။

ခရီးသွားပြည်သူအပေါင်း စိတ်ချမ်းမြေ့မှု အပြည့်အဝ ရရှိစေရန် နှင့် အာမခံစနစ်၏ ကောင်းမြတ်သော အနှစ်သာရများကို ခံစားနိုင်ရန် ဆောင်ရွက်သွားပါမည်။

## သိကောင်းစရာအချက်များ

- အဝေးပြေးလမ်းတွင် မိုင်(၁၀၀)အထက်ပြေးဆွဲနေသောအဝေးပြေး ယာဉ်များ၌ စီးနင်းလိုက်ပါသော ခရီးသည်များ အတွက်အထူးခရီးသွား အာမခံ
- အဝေးပြေးလမ်းတွင်မိုင်(၁၀၀)အထက် ကိုယ်ပိုင်ယာဉ်ဖြင့် ခရီးသွားသော သူများအတွက် အထူးခရီးသွားအာမခံ
- ဤအာမခံသည် ခရီးတစ်ခေါက် (၂၄)နာရီအတွက်သာဖြစ်သည်။ (၂၄)နာရီထက်ကျော်လွန်၍ ခရီးသွားခြင်း အတွက် ရက်အလိုက် တွက်ချက်ကောက်ခံရန်ဖြစ်သည်။
- ခရီးသွားမည့် ခရီးသည်မှ လက်မှတ်ဝယ်ယူသည့် ကားဂိတ်တွင် (၁)ယူနစ်လျှင် ခရီးသွားအာမခံကြေး ကျပ်(၃၀၀)ပေး၍အာမခံ ထားရှိရန် ဖြစ်ပါသည်။
- ခရီးသွားလက်မှတ်ကျောဖက်တွင် သက်ဆိုင်ရာကားဂိတ်မှ အထူး ခရီးသွား အာမခံပရီမီယံ ကျပ်(၃၀၀)ပါရှိပြီး ဟု တံဆိပ်တုံးရိုက်နှိပ် ပေးပါမည်။
- အသက်အရွယ် ကန့်သတ်ထားခြင်းမရှိပါ။



## အကျိုးခံစားခွင့်များ

- အာမခံကြေး ကျပ်(၃၀၀) ပေးသွင်းထားသည့် ခရီးသည်တစ်ဦး သေဆုံးလျှင် လျော်ကြေး ကျပ် သိန်း(၃၀) ရရှိနိုင်ခြင်း။
- ထိခိုက်ဒဏ်ရာရလျှင် ဒဏ်ရာအခြေအနေပေါ်မူတည်၍ အများဆုံး ကျပ်(၂၄)သိန်း အထိ ရရှိနိုင်ခြင်း။

**ဥပမာ**

| အကြောင်းအရာ | အာမခံထားငွေပေါ် အကျိုးခံစားခွင့် |
|---|---|
| လက်တစ်ဖက် ပြတ်ခြင်း | ၄၀% |
| လက်တစ်ဖက်ကျိုးခြင်း | ၁၂% |
| မျက်စိနှစ်ဖက်လုံးဝကွယ်ခြင်း | ၈၀% |
| လည်ပင်းရိုးကျိုးခြင်း | ၄၀% |

- ဆေးရုံတက်၍ ဆေးဝါးကုသမှုခံယူပါက ရက်သတ္တပတ် (၅၂-ပတ်) အထိ အများဆုံးရခွင့်ရှိပါသည်။
- ရရှိသည့်ဒဏ်ရာကြောင့် အလုပ်အကိုင် အပြည့်အဝ လုပ်ကိုင်နိုင်ခြင်း မရှိလျှင် ရက်သတ္တပတ်လျှင် ကျပ် (၂၄၀၀)နှုန်းဖြင့် ရက်သတ္တပတ် (၅၂-ပတ်) အထိ အများဆုံး ရခွင့်ရှိပါသည်။

မှတ်ချက်။ ။ အကျိုးခံစားခွင့် စုစုပေါင်းသည် ကျပ်သိန်း(၃၀)ထက် မကျော်စေရပါ။

## လျော်ကြေးတောင်းခံရမည့် အစီအစဉ်

- ဒဏ်ရာရရှိမှု တောင်းခံခြင်းကို ထိခိုက်ဒဏ်ရာရသည့်နေ့မှ (၂)နှစ် အတွင်း လျော်ကြေးတောင်းခံရန်။
- အာမခံထားသည့် ခရီးသည် သေဆုံးလျှင် ဖြစ်ပွားသည့်နေ့မှ (၁)နှစ် အတွင်း လျော်ကြေးတောင်းခံရန်။
- အကျိုးခံစားခွင့် တောင်းခံရာတွင် သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြတောင်းခံရမည်။
- အကျိုးခံစားခွင့်ရှိသူကို ဖော်ပြထားခြင်းမရှိပါက သူတစ်ပါးထိခိုက်မှု အာမခံ နည်းဥပဒေများတွင် ပါရှိသည့်ဦးစားပေး အစီအစဉ်အတိုင်း အကျိုးခံစားခွင့်ကို ထုတ်ပေးပါမည်။




Securing Your Future
လုံခြုံကြွယ်ဝ သင့်အနာဂတ်ဘဝ
Securing Your Future
လုံခြုံကြွယ်ဝ သင့်အနာဂတ်ဘဝ